HEALTH, SAFETY, ENVIRONMENT & 5S (HSEH) POLICY

ကျွန်ုပ်တို့ GS Paperboard & Packaging Sdn Bhd, in Kuala Langat, Klang, Sungai Bakap and OJI GS Packaging (Yangon) ကုမ္ပဏီသည် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာ ရခြင်း၊ ကျန်းမာရေးထိခိုက် ခြင်း နှင့် သိသာထင်ရှားစွာဖြစ်နိုင်သည့် ဘေးအန္တရာယ် ထိခိုက်မှုများမှ ကာကွယ်ရန် မိမိတို့ ကုမ္ပဏီ အနေဖြင့် လုပ်ငန်းအားလုံးကို တာဝန်ယူမှု ရှိစွာဖြင့် လုပ်ကိုင်နိုင်ရန် ကတိကဝတ် ပြုထားခဲ့၍ ဝန်ထမ်းများအားလုံးအတွက် လိုအပ်သော ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးထိခိုက်မှုများမှ ကာကွယ်နိုင်ရေး ၊ ပတ်ဝန်းကျင်ထိခိုက်မှုများ မရှိစေရန် လုပ်ဆောင်ခြင်း နှင့် သန့်ရှင်းသပ်ရပ်စွာဖြင့် ပြုမူ လုပ်ဆောင်ခြင်းတို့အား အလေးပေး ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်တို့သည် HSE လုပ်ငန်းစဉ်နှင့် သက်ဆိုင်သည့် စည်းမျဉ်း စည်းကမ်းများအပြင် အခြား လိုက်နာဆောင်ရွက်ရမည့် လိုအပ်သည် များကိုလည်း သေချာစွာ လိုက်နာဆောင်ရွက်ပါမည်။

ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် ဝန်ထမ်းများ၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်တိုးတက်စေရန်အတွက် ငွေကြေး အရဖြင့်လည်းကောင်း နည်းပညာပိုင်းဆိုင်ရာ အရဖြင့်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုး မှုဖြင့်သော်လည်းကောင်း၊ ဗဟုသုတပိုင်းဆိုင်ရာအရင်းအမြစ်များ အားဝေမျှခြင်းဖြင့်သော်လည်းကောင်း ထောက်ပံ့ပေးသွားမည်ဟု ကတိကဝတ် ပြုပါသည်။

ကျွန်ုပ်တို့သည် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးထိခိုက်မှုများမှ ကာကွယ်နိုင်ရေး ၊ ပတ်ဝန်းကျင်ထိခိုက်မှုများ မရှိစေရန် လုပ်ဆောင်ခြင်း နှင့် သန့်ရှင်းသပ်ရပ်စွာဖြင့် ပြုမူ လုပ်ဆောင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့် ပြည့်မီနိုင်ရန်အတွက် အကဲဖြတ်ဆန်းစစ်မှုများအား ပုံမှန်လုပ်ဆောင်သွားပါမည်။ ကျွန်ုပ်တို့၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ပတ်သတ်၍ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအား လျှော့ချနိုင်ရန် စနစ်တကျ ဖယ်ရှားသွားပါမည်။

ဘေးအန္တရာယ်မကင်းသော အနေအထားများမှ ဖြစ်နိုင်သည့် ထိခိုက်အနာတရဖြစ်မှုများ နှင့် ကျန်းမာရေးထိခိုက်မှု များအား အနည်းဆုံး အခြေအနေအထိ လျှော့ချနိုင်ရန် အတွက် အကောင်းဆုံးဖြစ်ရန်ပြုပြင်မွမ်းမံထားသော စက်ပစ္စည်းများ အား စနစ်အကျ အစီအစဉ်ကျစွာဖြင့် ထားရှိသွားပါမည်။

အလုပ်သမားအား လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် မတော်တဆ ဖြစ်မှုများ၊ ကျန်းမာရေးထိခိုက်မှုများ နှင့် ပတ်ဝန်းကျင်ထိခိုက်မှုများအား ကာကွယ်ခြင်းတွင် ဝန်ထမ်းများတက်ကြွစွာပါဝင်လာနိုင်စေရန် မြှင့်တင်လုပ်ဆောင်သွားပါမည်။

ကျွန်ုပ်တို့သည် ကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်မီး၊ ရေ နှင့် သဘာဝသယံဇာတ အရင်းအမြစ် များကို ထိရောက်စွာ အသုံးပြုခြင်း၊ လိုအပ်သည်ထက်လျော့ချ၍ အသုံးပြုခြင်း ၊ လိုအပ်ပါက ပြန်လည် အသုံးပြုခြင်း (Recycle) အားဖြင့် သဘာဝသယံဇာတထိန်းသိမ်းစောင့်ရှောက်ရေးကို မြှင့်တင် သွားပါမည်။

ကျွန်ုပ်တို့၏ ထုတ်ကုန်များ မှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများ နှင့် အမှိုက်များကိုလည်း သေချာစွာထိန်းချုပ်၍ လျော့ချသွားပါမည်။

ကျွန်ုပ်တို့ OGPY ရှိ ဝန်ထမ်းများအားလုံး သည် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးထိခိုက်မှုများမှ ကာကွယ်နိုင်ရေး ၊ ပတ်ဝန်းကျင်ထိခိုက်မှုများမရှိစေရန်ဆောင်ရွက်ခြင်း နှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားများအား သေချာစွာ လိုက်နာရန်အတွက် အချင်းချင်း ဆက်သွယ်ပြောဆိုရမည်။

ကုန်ထုတ်လုပ်မှုဆိုင်ရာ စီးပွားရေးစံချိန်စံညွှန်းများ မြင့်မားစေရန်အတွက် ရုံး တွင်းပိုင်း နှင့် ထုတ်ကုန်ထုတ်လုပ်မှု အပိုင်း တို့သည် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးထိခိုက်မှုများမှ ကာကွယ်နိုင်ရေး နှင့် ပတ်ဝန်းကျင်ထိခိုက်မှုများ မရှိစေရန် လုပ်ဆောင်ခြင်းတို့အား လိုက်လျောညီထွေစွာဖြင့် အတူတကွဆောင်ရွက်သွားပါမည်။

Revision 10 21st February 2024

Sia Boon Soon
President